နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့

**၁၉၆၄ခုနှစ် ၊ မော်တော်ယာဉ်ဥပဒေကိုပြင်ဆင်သည့်ဥပဒေ**

(နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥပဒေအမှတ် ၂၇/၈၉)

၁၃၅၁ ခုနှစ် ၊တန်ဆောင်မုန်းလပြည့်ကျော် ၁၅ ရက်

၁၉၈၉ ခုနှစ် ၊ နိုဝင်ဘာ ၂၇ ရက်

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့သည် အောက်ပါဥပဒေကိုပြဋ္ဌာန်းလိုက်သည်–

၁။ ဤဥပဒေကို ၁၉၆၄ ခုနှစ်၊မော်တော်ယာဉ်ဥပဒေကို ပြင်ဆင်သည့်ဥပဒေဟုခေါ်တွင်စေရမည်။

၂။ ၁၉၆၄ခုနှစ် ၊ မော်တော်ယာဉ်ဥပဒေတွင်

(က) ပုဒ်မ ၂၀ တွင်ပါရှိသော“ ကျပ်တစ်ရာထိ ငွေဒဏ် ” ဆိုသည့် စကားရပ်ကို “ငွေဒဏ် အနည်းဆုံး ကျပ်တစ်ရာမှ အများဆုံးကျပ်တစ်ထောင်ထိ ”ဆိုသည့်စကားရပ်ဖြင့် လည်းကောင်း၊ “သုံးနှစ်အတွင်း” ဆိုသည့်စကားရပ်ကို “တစ်နှစ်အတွင်း” ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း ၊ “ ကျပ်ငါးဆယအောက် မနည်း၊ ကျပ်နှစ်ရာထက်မပိုသော ငွေဒဏ်” ဆိုသည့်စကားရပ်ကို “ငွေဒဏ် အနည်းဆုံး ကျပ်နှစ်ရာမှ အများဆုံး ကျပ်တစ်ထောင့်ငါးရာထိ ”ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း အစားထိုးရမည်၊

(ခ) ပုဒ်မ၂၁ တွင်ပါရှိသော “သုံးလအထိ ထောင်ဒဏ် ဖြစ်စေ၊ ကျပ်နှစ်ရာထိ ငွေဒဏ် ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ” ဆိုသည့်စကားရပ်ကို “ခြောက်လအထိထောင်ဒဏ်ဖြစ်စေ၊ ကျပ်ငါးရာထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ” ဆိုသည့်စကားရပ်ဖြင့် လည်းကောင်း၊ “သုံးနှစ် အတွင်း ” ဆိုသည့်စကားရပ်ကို “တစ်နှစ်အတွင်း” ဆိုသည့်စကားရပ်ဖြင့် လည်းကောင်း၊ “ခြောက်လအထိ ထောင်ဒဏ်ဖြစ်စေ၊ ကျပ်နှစ်ရာအောက် မနည်း ကျပ်တစ်ထောင် ထက်မပို သောငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ”ဆိုသည့်စကားရပ်ကို “တစ်နှစ်အထိ ထောင်ဒဏ် ဖြစ်စေ၊ ငွေဒဏ်အနည်းဆုံး ကျပ်ငါးရာ မှ အများဆုံး ကျပ်တစ် ထောင့်ငါးရာ ထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ” ဆိုသည့် စကားရပ်ဖြင့် လည်းကောင်း အစားထိုးရမည်၊

(ဂ) ပုဒ်မ၂၂တွင်ပါရှိသော “ကျပ်နှစ်ရာ ထိ ငွေဒဏ် ” ဆိုသည့်စကားရပ်ကို “ငွေဒဏ် အနည်းဆုံး ကျပ်နှစ် ရာမှ အများဆုံး ကျပ်တစ်ထောင့်ငါးရာထိ”ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

====================